## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ စီမံကိန်းဒါရိုက်တာရုံး
## ရုံးအမှတ်(၃၉)၊ နေပြည်တော်

## တိုးချဲ့ပညာပေးဝန်ထမ်းနေရာအတွက် အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းတွင် စီမံကိန်းကာလအတွင်း လစ်လပ်လျှက်ရှိသော အောက်ဖော်ပြပါ ကင်းလှည့်ထိန်းသိမ်းရေးဝန်ထမ်းနေရာအတွက် သတ်မှတ် အရည်အချင်းများနှင့် ကိုက်ညီသောသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် အသက်(၁၈)နှစ်ပြည့်ပြီးသူနှင့် အသက် (၄၀)နှစ်မကျော်လွန်သူ ဖြစ်ရပါမည်။

(ဂ) လျှောက်ထားလိုသူသည် တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရပါမည်။ အစိုးရဝန်ထမ်းမဟုတ်သူ ဖြစ်ရပါမည်။

(ဃ) ကွန်ပျူတာအခြေခံကောင်းမွန်ပြီး စာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။

(င) မိမိတာဝန်ကျနယ်မြေအတွင်းရှိ ဒေသခံများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ စိတ်ပါဝင်စားလာစေရန် အခါအားလျော်စွာ ပညာပေးစည်းရုံးခြင်းများ ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(စ) မိမိ တာဝန်ကျနယ်မြေတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်သူကို ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။

(ဆ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရပါမည်။

(ဇ) ကျန်းမာရေးကောင်းမွန်ပြီး သွက်လက်ဖြတ်လက်၍ အမိန့်နာခံပြီးတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်လိုသူဖြစ်ရပါမည်။

(ဈ) သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်းမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရပါမည်။

၂။ လျှောက်ထားလိုသူသည် အောက်ဖော်ပြပါ အချက်အလက်များဖြင့် ပြည့်စုံစွာ လျှောက်ထားရမည်-

(က) ကိုယ်ရေးမှတ်တမ်း

(ခ) ပညာအရည်အချင်းထောက်ခံချက်

(ဂ) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ကျေးရွာ/ရပ်ကွက်တွင် နေထိုင်ကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်

(ဃ) သက်ဆိုင်ရာရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်

(င) အိမ်ထောင်စုစာရင်းမိတ္တူ

၃။ တာဝန်ထမ်းဆောင်ရမည့်နေရာ - သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ်။

၄။ လစာ - ၃၅၇,၀၀၀/- ကျပ်

၅။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်အသေးစိတ်အချက်အလက်များနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်တို့ကို **၂၀၂၄ ခုနှစ်၊ ဧပြီလ ( ၂၃ ) ရက်နေ့ထက်နောက်မကျစေဘဲ "တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသသို့"** ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက **"တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ စီမံကိန်းဒါရိုက်တာရုံး၊ ရုံးအမှတ် (၃၉)၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော် (သို့မဟုတ်) ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသသို့**" လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်- ၀၉ ၄၄၈ ၅၃၇ ၃၇၀၊ ၀၉ ၉၆၉ ၈၅၆ ၇၉၃ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊**
**တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း**

**<u>တိုးချဲ့ပညာပေးဝန်ထမ်း၏ တာဝန်နှင့်ဝတ္တရားများ</u>**

၁။ မိမိတာဝန်ကျနယ်မြေတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်ရမည်။

၂။ ကွန်ပျူတာအခြေခံကောင်းမွန်ပြီး စာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။ လေ့လာဆည်းပူး ချင်စိတ်ရှိသူဖြစ်ရမည်။

၃။ မိမိတာဝန်ကျနယ်မြေအတွင်းရှိ ဒေသခံများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ထိန်းသိမ်း ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသခံများကို သစ်တောထိန်းသိမ်းရေး လုပ်ငန်း များတွင် စိတ်ပါဝင်စားလာစေရန် အခါအားလျော်စွာ ပညာပေးစည်းရုံးခြင်းများ ဆောင်ရွက်ရမည်။

၄။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နေ့စဉ်မှတ်တမ်းရေးသားခြင်းနှင့် အစီရင်ခံစာ ရေးသား တင်ပြခြင်းတို့ကို ပြုလုပ်ရမည်။

၅။ အဂတိလိုက်စားခြင်းကို လုံးဝရှောင်ကြဉ်ရမည်။

၆။ တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်းမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။

၇။ အလုပ်ရာထူးမှ နုတ်ထွက်လိုပါက ဥယျာဉ်အုပ်ချုပ်ရေးမှူးထံသို့ အနည်းဆုံး (၁) လ ကြိုတင်အသိပေး၍ နုတ်ထွက်ရမည်။